# နွေဦးအသံ

the voice of spring

6.5.2021 · Thursday · No . 31 · Daily News Pamphlet


## NUG နိုင်ငံခြားရေးဝန်ကြီး ဒေါ်ဇင်မာအောင်နှင့် အစိုးရအဖွဲ့ ဝန်ကြီးများမှ ကနေဒါနိုင်ငံ လွှတ်တော်ဒုဥက္ကဋ္ဌနှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေးမှု ပြုလုပ်ခဲ့ကြ

သတင်းတို

ရင်းမြစ် - NUG မှ

## နိုင်ငံတော်သံဃာ့မဟာနာယကဥက္ကဋ္ဌ ဗန်းမော်ဆရာတော်နှင့်တကွ နိုင်ငံအတွင်းရှိ သံဃာတော်များ၊ သီလရှင်များထံ စာမေးပွဲများ ကျင်းပရန် အချိန်အခါမသင့်ကြောင်း NUG က လျှောက်ထားပန်ကြားလွှာဆက်ကပ်

သတင်းတို

ရင်းမြစ် - NUG မှ

## ဖာပွန်တိုက်ပွဲ၌ စစ်အုပ်စုမှ ဗိုလ်မှူးကြီးအဆင့်အပါအဝင် (၂၀၀) ခန့်သေဆုံးခဲ့ဟု KNU ပြောကြား

သတင်းတို

ရင်းမြစ် - KIC မှ

## ပြည်သူများ မျှော်လင့်တောင့်တနေသည့် ပြည်သူ့ကာကွယ်ရေးတပ်မတော် (People Defence Force) ကို ဖက်ဒရယ်တပ်မတော်ရှေ့ပြေးအမြုတေအဖြစ် ကာကွယ်ရေးဆိုင်ရာမူဝါဒနှင့်အညီ တရားဝင်ဖွဲ့စည်းလိုက်ကြောင်း အမျိုးသားညီညွတ်ရေးအစိုးရအဖွဲ့ (NUG) ပြည်ထောင်စုဝန်ကြီးချုပ်မှ ကြေညာချက်ထုတ်ပြန်ခဲ့

သတင်းတို

ရင်းမြစ် - NUG မှ

# နိုင်ငံအနှံ့ ပုံစံမျိုးစုံဖြင့် သပိတ်စစ်ကြောင်းများ ချီတက်ပြီး အရှိန်မပြတ် ဆန္ဒဖော်ထုတ်ခဲ့ကြ

## ပြည်မြို့ရှိ ပါဆယ်ဗုံးနှင့် လုပ်ကြံမှုကြောင့်ကျဆုံးခဲ့သည့် NLD အမတ်၏ဇနီးကို စစ်အုပ်စုက ဖမ်းဆီးခဲ့

သတင်းတို

ရင်းမြစ် - RFA မှ

## အာဏာလုစစ်အုပ်စုကို ပစ်ပယ်ရန် ရခိုင်အမျိုးသားပါတီက စဉ်းစားနေ

## စစ်ကျွန်အရာထမ်း(၁၀)ဦးခန့်ကို အမည်ပျက်စာရင်းသွင်း၍ ထုတ်ပယ်ကြောင်း NUG ကျန်းမာရေးဝန်ကြီးဌာနက ထပ်မံကြေညာခဲ့

သတင်းတို

ရင်းမြစ် - မြန်မာနောင်း မှ



မေလ(၅)ရက်၊ မန္တလေးမြို့တွင် အင်အားရာချီ၍ ချီတက်ခဲ့ကြသည့် အင်ဂျီနီယာသပိတ်စစ်ကြောင်းကို တွေ့ရစဉ် -(ဓါတ်ပုံ-CJ)

## စဉ့်ကိုင်မြို့နယ်၊ တောမရွာအနီးရှိ တရုတ်ပိုက်လိုင်းစောင့် ရဲ(၃)ဦး ဓါးခုတ်ခံရသဖြင့် သေဆုံးခဲ့ဟုသိရ

သတင်းတို

ရင်းမြစ် - RFA မှ

## ဟားခါးမြို့ ပြည်သူ့ကာကွယ်ရေးတပ်ဖွဲ့မှ ဆက်လက်ခုခံတိုက်ခိုက်နေပြီး စစ်အုပ်စုဘက်မှ(၉)ဦးသေဆုံးခဲ့

သတင်းတို

ရင်းမြစ် - ဧရာဝတီ မှ

## တက္ကသိုလ်များကို ဖိအားပေး ဖွင့်လှစ်ခဲ့သော်လည်း အများစုမှာ တက်ရောက်သည့်ကျောင်းသားကင်းမဲ့နေ

သတင်းတို

ရင်းမြစ် - နွေဦးအသံ မှ

## ကွတ်ခိုင်မြို့ KIA, TNLA, MNDAA နှင့် တိုက်ပွဲ၌ စစ်အုပ်စုမှ ဗိုလ်ကြီးအပါအဝင် (၃၀)ဦး သေဆုံးခဲ့

သတင်းတို

ရင်းမြစ် - ခေတ်သစ် မှ

ဖတ်ပြီးလျှင် လက်ဆင့်ကမ်းဝေမျှပေးပါ၊ ဖြစ်နိုင်လျှင် မိတ္တူပွား၍ ဆက်လက်မျှဝေပါ၊
ဖုန်းဖြင့် ဆော့ဖ်ကော်ပီကိုလည်း အဆင်ပြေသလို ဖြန့်ချိမျှဝေပေးကြပါ၊ သတင်းစီးဆင်းမှုသည် တော်လှန်ရေး၏ အသက်သွေးကြောတစ်ခုပင် ဖြစ်သည်။

နွေဦးအသံ
the voice of spring
6.5.2021 · Thursday · No . 31 · Daily News Pamphlet

# သတင်းမှတ်စု

မေလ(၅)ရက်၊ ၂၀၂၁

- မန္တလေးတွင် "တော်လှန်လှိုင်း FM” ကို စတင်ကာ တပတ်လျှင် သုံးရက် (ဗုဒ္ဓဟူး၊ သောကြော၊ တနင်္ဂနွေ) နှုန်းဖြင့် ထုတ်လွှင့်နေပြီ သိရ။
- ဖားကန့်၊ မော်ဝမ်းသပိတ်စစ်ကြောင်းကို မေလ(၂)ရက်တွင် အကြမ်းဖက်စစ်အုပ်စုက လက်ပစ်ဗုံးများအသုံးပြု၍ ပစ်ခတ်ဖြိုခွဲခဲ့သဖြင့် ကျဆုံးခဲ့သူ ကိုဝေဖြိုး၏ ဈာပနအခမ်းအနားကို မြို့ခံပြည်သူ ထောင်နှင့်ချီ၍ လိုက်ပါပို့ဆောင်ခဲ့ကြ။
- ပြီးခဲ့သည့်ရက်ပိုင်းကမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ခဲ့သည့် ရန်ကင်း၊ ဘောက်ထော်ရှိ မိုးကောင်းဆေးရုံရှေ့ ဝင်ပေါက်နှစ်ခုတွင် မေလ(၄)ရက်ညပိုင်း အသွားအလာ ကန့်သတ်ထားသည့် အချိန်က ဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့။
- မန္တလေးမြို့၊ လမ်း ၃၈ နှင့် ၇၃ လမ်းထောင့်ရှိ မီးသင့်မင်္ဂလာဈေးနေရာတွင် နံနက်ပိုင်းက မီးလောင်ပျက်စီးနေသော အသက်မဲ့ အမျိုးသမီးရုပ်အလောင်း တခုကို လာရောက်စွန့်ပစ်ထားခဲ့ဟုသိရ။
- ကျောက်ဆည်မြို့တက္ကသိုလ်အနီး၊ တောမရွာရှိ တရုတ်ဓာတ်ငွေ့ပိုက်လိုင်းအား လုံခြုံရေးယူထားသည့် အကြမ်းဖက်စစ်အုပ်စုကို အမည်မသိလူတစ်စုက နံနက် (၅) နာရီခန့်တွင် ဓားများဖြင့် ဝင်ခုတ်ခဲ့ရာ ရဲ(၃)ဦး သေဆုံးခဲ့ဟုသိရ။
- ပြန်ဖွင့်လိုက်သည့် ဒဂုံတက္ကသိုလ်၊ ဘုန်းကြီးကျောင်းကွေ့မှတ်တိုင် အနီးတွင် တက္ကသိုလ်သို့လာသည့် YBS 30 ဘတ်စ်ကားတစ်စီး ပေါက်ကွဲမှုဖြစ်ခဲ့ပြီး လူထိခိုက်မှု မရှိခဲ့ဟု သိရ။
- တောင်ငူမြို့၊ အမှတ်(၂)ကျောင်း အနောက်ဘက် အုတ်တံတိုင်းအနီးတွင် မေလ(၄)ရက်၊ ည (၈) နာရီကျော်ခန့်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ပြီး အနီးဝန်းကျင်၌ မပေါက်ကွဲသေးသည့် အချိုးရေပူးဖြင့် ပြုလုပ်ထားသည့် လက်လုပ်ဗုံးတစ်လုံး တွေ့ရှိခဲ့ဟုသိရ။
- စစ်ကိုင်း၊ ကလေးမြို့၊ စမ်းမြို့ရပ်ကွက်ရှိ ခရိုင်ပညာရေးမှူး၌ နေ့လယ်(၃)နာရီခန့်က ပေါက်ကွဲမှုတစ်ရပ် ဖြစ်ပွားခဲ့ဟုသိရ။
- မြစ်ကြီးနားတွင် နံနက်ပိုင်းက ပြုလုပ်သည့် ဆိုင်ကယ်သပိတ်ကို စစ်အုပ်စုက အိမ်စီးကားဖြင့် တိုက်ကာ ဖြိုခွဲခဲ့ရာ အမျိုးသမီးလေးဦး ဖမ်းဆီးခံရပြီး ဆိုင်ကယ်သုံးစီး သိမ်းဆည်းခံခဲ့ရဟုသိရ။
- မုံရွာ။ မကွေး-အောင်လံ။ ထားဝယ်တောင်ပိုင်းကျေးရွာများ။ မြစ်ကြီးနား။ ရှမ်း-ကျောက်မဲမြို့တို့၌ ဆိုင်ကယ်သပိတ် ပြုလုပ်ခဲ့ကြ။
- လှိုင်သာယာ၊ အ.လ.က(၁)ကျောင်း၊ ရန်ကုန် အနောက်ပိုင်းတက္ကသိုလ်၊ သဃ်န်းကျွန်းမြို့နယ် ကျောင်းအချို့။ မန္တလေး၊ တကသ၊ ပညာရေးကောလိပ်လေ့ကျင့်ရေး အလယ်တန်းကျောင်းရှေ့၊ အောင်မြေသာစံ ပညာရေးကျောင်းပေါင်းစုံ သပိတ်။ ပဲခူး-ကြို့ပင်ကောက်၊ ဖြူးမြို့နယ်၊ ညောင်ပင်သာမြို့။ စစ်ကိုင်း-ပုလဲမြို့၊ မင်းတိုင်ပင်ရွာ၊ ဆားလင်းကြီးမြို့နယ်၊ ကံကုန်းနှင့် ဒုန်းတောကျေးရွာ။ စဥ့်ကိုင်မြို့နယ်- ပလိပ်မြို့၊ ကန့်ဘလူမြို့၊ လက်ပံတောင်းဒေသ၊ ဝက်မေးရွာသစ်။ မကွေး-ဂန့်ဂေါမြို့နယ်၊ ကျော်ရွာ။ မြိုင်မြို့နယ်၊ မန်ကျည်းကန်ရွာ။ ထားဝယ်မြို့နယ်ပညာရေးမှူးရုံးနှင့် ကျောင်းအချို့၊ ထားဝယ်နည်းပညာတက္ကသိုလ်။ လောင်းလုံမြို့နယ် ဂေါ့အင်း၊ မောင်းမကန်၊ စခန်းကြီး၊ ဝေဒီ၊ ကဒက်ကြီး၊ ညင်းမော်၊ ပန်းတင်အင်း၊ စခန်းကြီး၊ ပန်းဒလဲကျေးရွာများ။ ရောဝတီ-ဟင်္သာတတက္ကသိုလ်၊ ငါးသိုင်းချောင်းမြို့ အထက်တန်းကျောင်း။ ကချင်- နမ္မတီးမြို့၊ ဖားကန့်၊ ဆိပ်မူ (ဆိုင်းတောင်)၊ မိုးညှင်းမြို့နယ်၊ နန်းမား အ.ထ.ကကျောင်း။ လွိုင်ကော် တိုင်းရင်းသားပေါင်းစုံသပိတ်။ နေပြည် ရေဆင်းတက္ကသိုလ်တို့၌ ကျောင်းဝတ်စုံများဖြင့် လူအင်အားရာချီပြီး စစ်ကျွန်ပညာရေး အလိုမရှိ သပိတ်များ ပြုလုပ်ခဲ့။
- ရန်ကုန်- လှိုင်၊ ဗဟန်း။ မန္တလေး၊ တပ်ပေါင်းစုသပိတ်၊ မြတောင်စစ်ကြောင်း၊ သံဃာသမဂ္ဂ၊ စက်မှု၊ အင်ဂျီနီယာစစ်ကြောင်း၊ မန်းရတနာပုံတက္ကသိုလ်စစ်ကြောင်း။ ညောင်ဦး။ မိုးကုတ်။ မိတ္ထီလာ။ စစ်ကိုင်း။ ဘုတလင်။ မုံရွာ။ ရေဦး။ မိုးကောင်း။ ပုဂံ။ မြင်းခြံ။ ပဲခူးမြို့။ ကလေးမြို့။ ထားဝယ်။ ရေဖြူ ကံပေါက်။ သရက်ချောင်းမြို့နယ်၊ ညောင်ဇင်ရွာ၊ ကနက်သီရိကျေးရွာ။ လောင်းလုံမြို့။ မော်လမြိုင်။ ဖားကန့်မြို့၊ မော်ပေါင်းစုံသပိတ်။ ကရင်-ဘားအံ။ ရှမ်း- မူဆယ်၊ နမ့်ခမ်း၊ တောင်ကြီး၊ သီပေါ စသဖြင့် မြို့အသီးသီး၌ လူအင်အားရာချီသော သပိတ်စစ်ကြောင်းကြီးများ ချီတက်၍ ဆန္ဒဖော်ထုတ်ခဲ့ကြဟု သိရ။

ရင်းမြစ်-မဇ္ဈိမ မှ

ဖေဖော်ဝါရီ(၁)ရက်မှစပြီး
မေလ(၄)ရက်အထိ

ကျဆုံးသူဦးရေ
- ၇၆၉ ဦး
( ကလေးငယ် ၅၀ ဦးပါဝင် )

အဖမ်းဆီးခံရသူဦးရေ
- ၄၇၃၇ ဦး

ဝရမ်းထုတ်ခံရသူဦးရေ
- ၁၄၃၈ ဦး

ရင်းမြစ်-အေအေပီပီမှ



မေလ(၅)ရက်၊ နမ့်ခမ်းမြို့တွင် မိုးထဲရေထဲ၌ပင် ချီတက်ခဲ့ကြသည့် လူထုသပိတ်စစ်ကြောင်းကို တွေ့မြင်ရစဉ် (ဓါတ်ပုံ-CJ)

စစ်
အာ
ဏာ
ရှင်
စနစ်
အလို
မရှိ

fb.com/thevoiceofspring · twitter@NewsPamphlet · thevoiceofspringdaily@gmail.com

**အရေးတော်ပုံ မုချ အောင်ရမည်**

**နွေဦးစကား ဒို့ပြောကြား**

“ပြောင်းလဲချင်ရင်
ကျောင်းထဲမဝင်နဲ့”